# ဘုရားသခင့်

# တရားစီရင်ခြင်း



ဘုရားသခင့် တရားစီရင်ခြင်း

ပုံနှိပ်တိုက်

ဇန်နဝါရီ ၂၀၁၇

https://maranathamedia-myanmar.com/

ခရစ်ယာန်အများစု၌ ဘုရားသခင်၏ တရားစီရင်ခြင်း၊ အမျက်ဒေါသ၊ အပြစ်ပေးခြင်း၊ ကလဲ့စားချေခြင်းတို့အပေါ် ခိုင်မာသော ယုံကြည်ယူဆချက်များရှိကြသည်။ သူတို့အမြင်တွင် ဘုရားသခင်သည် အတိုင်းတာတစ်ခုကျော်လွန်လာပါက စိတ်ရှည်သည်းခံမနေတော့ဘဲ အပြစ်ပေးသူ၊ ပညတ်ချက် လွန်ကျူးသူများကို ကောင်းကင်တမန်များစေလွှတ်၍ ဖျက်ဆီးစေသူ၊ သူ့ကို မယုံကြည်သူများအပေါ် ဖျက်ဆီးလိုသည့် ရည်ရွယ်ချက် ပြည့်ဝနိုင်ရန် သဘာဝဘေးအန္တရာယ်များကို အသုံးပြုကာ လူသားများကို နှိပ်စက်သတ်ဖြတ်သူအဖြစ် ယုံကြည်ကြသည်။

အယ်လင်ဝှိုက်ထံ ဘုရားသခင်အကြောင်း အခြားပုံစံတစ်ခုဖြင့် ဖော်ပြခဲ့သည်ကို တွေ့ရသည်။

> ဘုရားသခင်၏ **တရားစီရင်ခြင်းသည် သူ့ထံမှ လူများဆီ တိုက်ရိုက်လာမည် မဟုတ်ကြောင်း၊ လူတို့သည် မိမိကိုမိမိ ဘုရားသခင့်ကွယ်ကာရာ အပြင်ဘက်၌ ထားရှိထားခြင်းကြောင့်သာ တရားစီရင်ခံရခြင်း**ဖြစ်ကြောင်း ကျွန်မကို ဖော်ပြခဲ့သည်။ သတိပေးခြင်း၊ အမှန်ပြင်ပေးခြင်း၊ ဆုံးမသွန်သင်ခြင်း၊ လုံခြုံသောလမ်းခရီးကို ညွှန်ပြခြင်းတို့ ဘုရားသခင် အစဉ်ပြုပေးသည်။ သူ၏ အထူးဂရုစိုက်စောင့်ရှောက်ခြင်းကိုခံရသည့် လူသားများအနေဖြင့် မိမိတို့ကိုယ်ပိုင်လမ်းစဉ်ကို လိုက်လျှောက်ကာ၊ ဘုရားသခင့် ဝိညာဉ်တော်၌ မမှီခိုချင်၊ အထပ်ထပ်အခါခါ သတိပေးသော်လည်း မိမိတို့ကိုယ်ပိုင်လမ်းစဉ်ကိုသာ ရွေးချယ်မည်ဆိုလျှင် **ဘုရားသခင်က စာတန်၏ တိုက်ခိုက်မှုများမှ ကွယ်ကာပေးသည့် သူ၏ ကောင်းကင်တမန်များကို စောင့်ရှောက်စေတော့မည်မဟုတ်ပေ။ ပင်လယ်ပြင်၌ဖြစ်စေ၊ မြေကြီးပေါ်၌ဖြစ်စေ ဖြစ်ပျက်သော ကပ်ဘေးဒုက္ခ များသည် စာတန်ကြောင့် ဖြစ်လာသောအရာများဖြစ်သည်။ လူအပေါင်းကို သုတ်သင်ပယ်**

**ရှားကာ သူ့သားကောင်ဖြစ်လာစေ၏။** Manuscript releases 14: 3 (1883) (LDE 242.2)

အထက်ပါ သဘောတရားအကြောင်း နောက်ထပ် ကိုးကားချက်နှစ်ခု။

ဆိုးသွမ်းသူများသည် သူတို့အပေါ်ထားရှိသည့် ကရုဏာခြံဝန်းကို ကျော်လွန်ကာ သွားကြသည်။ **မဆုတ်မနစ် ခုခံတွန်းလှန်နေသော ဘုရားသခင်၏ ဝိညာဉ်တော်ကို နောက်ဆုံးတွင် ရုတ်သိမ်းလိုက်သည်။ ဘုရား၏ ကရုဏာအတောင်တော်ဖြင့် ကွယ်ကာမထားတော့သဖြင့် ကောက်ကျစ်သူ၏လက်မှ သူတို့ကို ကာကွယ်ပေးမည့်သူ မရှိတော့ချေ။** - GC ၆၁၄, (၁၉၁၁) (LDE 242.5)

**စာတန်သည် လက်နက်စုံဖြင့် အသင့်မရှိထားသော ဝိညာဉ်များကို စုဆောင်းရိတ်သိမ်းရန် ကြိုးစားနေ၏။ သူသည် သဘာဝတရား၏ လျှို့ဝှက်ချက်များကို လေ့လာပြီး၊ အစွမ်းကုန်ထုတ်သုံးကာ *ဘုရားသခင် ခွင့်ပြုသလောက်* ထိန်းချုပ်ချယ်လှယ်ရန် ကြိုးစား၏။ *ဘုရားသခင်သည် သူ့ဖန်ဆင်းခံသားသမီးများကို ဖျက်ဆီးသူ၏လက်မှ ကာကွယ်ပေးသူဖြစ်သည်။*** သို့သော်လည်း ခရစ်ယာန်အသိုင်းဝိုင်းအနေဖြင့် ယေဟောဝါ၏ ပညတ်တော်ကို မထီမဲ့မြင်ပြုကြ၏။ ဘုရားသခင်က သူလုပ်ဆောင်မည်ဟု မိန့်တော်မူသမျှကို အမှန်လုပ်ဆောင်ပါလိမ့်မည်။ **သူ့ကောင်းချီးမင်္ဂလာများကို ကမ္ဘာကြီးမှ ရုတ်သိမ်းကာ၊ သူ့ပညတ်တော်ကို ပုန်ကန်သူများ၊ အခြားသူများကိုလည်း ပုန်ကန်ရန် သင်ကြားပေးသူ၊ အတင်းသွေးဆောင်သူများထံမှ သူ၏ အကွယ်ကာတော်ကို ဖယ်ရှားတော်မူလိမ့်မည်။** (GC 589.2)

ဤကိုးကားချက်များမှ ဘုရားသခင်၏ တရားစီရင်ခြင်းအကြောင်း ရှင်းလင်းစွာ မြင်တွေ့နိုင်ပါသည်။ ပုံစံမှာ ဤသို့ဖြစ်သည်။

၁။ သတိပေးသည်။ အမှန်ပြင်ပေးသည်။ ဆုံးမသွန်သင်သည်။ လုံခြုံသောလမ်းကို ညွှန်ပြသည်။

၂။ ဝိညာဉ်တော်ကို စွန့်ကာ၊ မိမိတို့ကိုယ်ပိုင်လမ်းစဉ်ကို လိုက်လျှောက်ကြသည်။

၃။ အထပ်ထပ်အခါခါ သတိပေးသော်လည်း မိမိတို့လမ်းကိုသာ ရွေးချယ်သည်။

၄။ မိမိကိုမိမိ ဘုရားသခင့်ကွယ်ကာရာ အပြင်ဘက်သို့ ထားကြသည်။

၅။ ဘုရားသခင်က သူ့ကောင်းချီးမင်္ဂလာများကို ရုတ်သိမ်းလျက်၊ သူ့ကွယ်ကာခြင်းတန်ခိုးကို ဖယ်ရှားလိုက်သည်။

၆။ ဘုရားသခင်၏ ဝိညာဉ်တော် ရုတ်သိမ်းခံရသည်။

၇။ စာတန်၏ တိုက်ခိုက်မှုများမှ ကာကွယ်ပေးမည့် ကောင်းကင်တမန်များကို စေခိုင်းခြင်းမပြုတော့။

၈။ စာတန်သည် ပင်လယ်၊ မြေပြင်၊ အရပ်ရပ်တွင် ကပ်ဘေးဒုက္ခများ ကျရောက်စေလျက် လူအပေါင်းတို့ကို သူ့သားကောင်များ ဖြစ်လာစေသည်။

ကျွန်ုပ်တို့၏ လူ့ဇာတိစိတ်သဘောဖြင့် သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသော ဘုရားသခင်၏ အမျက်တော်၊ ကလဲ့စားချေခြင်း၊ အပြစ်ပေးခြင်း၊ တရားစီရင်ခြင်းတို့၌ ဤသဘောတရားကို ကျွန်တော်တို့ သတိမထားမိကြချေ။ ဒေါသအမျက်ထွက်ကာ ပညတ်တော်ချိုးဖောက်သူများအား ဖျက်ဆီးရန် ကောင်းကင်တမန်များ စေလွှတ်သော ဘုရားကိုသာတွေ့တတ်ကြသည်။ ထို့ကြောင့် အထက်ကဖော်ပြခဲ့သော ဘုရားသခင်၏ တရားစီရင်နည်းကို မြင်တတ်ရန်အရေးကြီးပါသည်။ မဟုတ်လျှင် ဘုရားသခင်ကို မှားယွင်းစွာ နားလည်မိကြလိမ့်မည်။

ဤတရားစီရင်နည်းအကြောင်း လေ့လာရန် ဖြစ်ရပ်မှန်နှစ်ခုကို ဆင်ခြင်ကြည့်ရအောင်။ အေဒီ ၇၀ခုနှစ်၊ ယေရုရှလင်မြို့ကျဆုံးခန်းနှင့် ခရစ်တော်၏ ကားတိုင်တင်အသေခံခြင်းဖြစ်ရပ်နှစ်ခုသည် ဆိုးသွမ်းသူများ၏ ဇာတ်သိမ်းနှင့်လည်း ဆက်စပ်နေပါသည်။

> ကားတိုင်ပေါ်တွင် ခရစ်တော်၏ ဝေဒနာတော်အကြောင်းနှင့် **မကောင်းသောလူများ၏ ဇာတ်သိမ်းပျက်စီးခြင်း**နှင့် ဆက်စပ်နေသော ယေရုရှလင်မြို့ပျက်စီးခြင်းအကြောင်း စဉ်းစားမိသောအခါ ကျွန်ုပ်မျက်ရည်များ စီးကျလာပါသည်။ (RH June 1, 1886, par. 18

အယ်လင်ဝှိုက်ထံ ဖော်ပြခဲ့သော ထိုတရားစီရင်နည်းအကြောင်း ကျွန်တော်တို့မြင်နိုင်ကြမလား။ ဖြစ်စဉ်တစ်ခုလုံးကို သတိထားမိပါသလား။ မဟာတိုက်လှန်ပွဲ (GC) စာအုပ်၏ အခန်းတစ်တွင် ထိုအချိန်၌ ဘာတွေဖြစ်သွားကြောင်း ဝိညာဉ်တော် ဖော်ပြထားသည့် တင်ပြချက်ရှိပါသည်။

အခန်းတစ်ခုလုံး ဤနေရာတွင် ကိုးကားရန် မဖြစ်နိုင်သောကြောင့် ထိုအခန်းကို ကိုယ်တိုင်ဖတ်ရှုပါက ပိုကောင်းပါသည်။ ဘုရားသခင့် တရားစီရင်ခြင်းအကြောင်း မှန်ကန်စွာ မြင်နိုင်ရန် ဝါကျအနည်းငယ်ကိုသာ ကိုးကား သွားပါမည်။ အသုံးနှုန်းအချို့ကြောင့် အဖြစ်မှန်ကို မြင်နိုင်ရန် ခက်ခဲသွားရခြင်းဖြစ်သည်။

> မျှော်လင့်ခြင်းနှင့် ခွင့်လွှတ်ခြင်း အချိန်နာရီသည် လျှင်မြန်စွာ ရွေ့နေ၏။ **ကြာရှည်စွာ စောင့်စည်းထားသော ဘုရားသခင်၏ သည်းခံခြင်းခွက်ဖလားသည်** ပြည့်လုနီးပြီ။ (စာမျက်နှာ ၂၀)

**ဖျက်ဆီးသောတမန်သည်** ကြာရှည်စွာ ယေဟောဝါဘုရား တည်းရာ နေရာဖြစ်သော မြို့တော်၏ **တစ်ဖက်တွင် ဓားကိုက်မြှောက်လျက်**ရှိနေကြောင်း သူ တွေ့မြင်ခဲ့သည်။ (စာမျက်နှာ ၂၁)

နောက်ဆုံးတရားစီရင်ချိန်တွင် သူမ ဆင်းသက်ရမည့် **ဒေါသအမျက်ခွက်ဖလားမှ ပထမဆုံးနမူနာ**ကို သူတွေ့ခဲ့ရသည်။ (စာမျက်နှာ ၂၁)

ငါသည် **တရားစီရင်သော ကောင်းကင်တမန်ကို** ဆိုင်းငံ့ထားပြီ။ နောတရရန်သင့်ကို ငါ ခေါ်ထားပြီ။ (စာမျက်နှာ ၂၁)

ယေရုရှလင်မြို့သည် **ဘုရားသခင်၏ တရားစီရင်ခြင်း ဒဏ်ကိုခံရရန်** အလျှင်အမြန်ပြေးသွားသည်ကို ခရစ်တော်တွေ့ခဲ့သည်။ (စာမျက်နှာ ၂၂)

နားထောင်နေသည့် တပည့်တော်များထံ သစ္စာပျက်သော ဣသရေလအပေါ်ကျရောက်မည့် **တရားစီရင်ခြင်း**အကြောင်း ယေရှုပြောပြခဲ့သည်။ အထူးသဖြင့် **မေရှိယကို ကားတိုင်တင်အသေသတ်ကာ၊ ငြင်းပယ်ခဲ့ခြင်းကြောင့် သူတို့အပေါ်ကျရောက်မည့် ဒဏ်ခတ်ခြင်းအကြောင်း ပြောပြခဲ့သည်။** (စာ ၂၅)

သူမ အပြစ်များကြောင့် **ယေရုရှလင်အပေါ် ရှိသော ဒေါသအမျက်တော်ကို ကြေငြာလေပြီ။** သူမ၏ မယုံကြည်ခေါင်းမာမှုသည် ပျက်စီးခြင်း ကံကြမ္မာကိုဆောင်ယူလာ၏။ (စာ ၂၆)

ခရစ်တော်ကိုယ်တိုင် ယေရုရှလင်မြို့ပျက်စီးမည့်အကြောင်း ကြေငြာခဲ့ပြီး နှစ်ပေါင်း လေးဆယ်နီးနီးအထိ၊ ကိုယ်တော်သည် မြို့တော်နှင့် နိုင်ငံတော်အပေါ် **တရားစီရင်ခြင်း**ကို ဆိုင်းငံ့ထားခဲ့သည်။ (စာ ၃၅)

ယုဒလူတို့သည် မိမိကိုမိမိ ခြေချင်းခတ်လျက်၊ သူတို့ကိုယ်တိုင် **ကလဲ့စားချေခြင်းခွက်ဖလားကို** ပြည့်စေကြသည်။ (စာ၃၅)

**အပြစ်သားများထံ ကျရောက်မည့် အပြစ်ပေးခြင်းနှင့် ဘုရားသခင်၏ အပြစ်တရားကို မုန်းတီးခြင်း**အကြောင်း ထို့ထက် ပိုမိုပြတ်သားသောသက်သေ မရှိဖူးသေးပါ။ (စာ ၃၅)

**ယေရုရှလင်အပေါ် ကျရောက်မည့် တရားစီရင်အပြစ်ပေးခြင်း**နှင့် ပတ်သက်၍ ကယ်တင်ရှင်၏ ပရောဖက်ပြုချက်သည် ...။ (စာ ၃၅)

အထက်ပါ ဝါကျများတွင် လူသိများသော အသုံးနှုန်းများဖြစ်သည့် ဒဏ်ခတ်တရားစီရင်ခြင်း၊ အမျက်တော်ခွက်ဖလား၊ ကလဲ့စားချေခြင်းခွက်ဖလား စသော စကားလုံးများကိုတွေ့ရသည်။ ထိုအသုံးနှုန်းများကြောင့် ကျွန်ုပ်တို့စိတ်ထဲ၌ အတွေးများကပ်ပါလာသည်။ ထပ်၍ အကျဉ်းချုံးရလျှင်...

- **ကြာရှည်စွာ စောင့်စည်းထားသော ဘုရားသခင်၏ သည်းခံခြင်းခွက်ဖလား**
- **တစ်ဖက်တွင် ဓားကိုက်မြှောက်လျက်နေသော ဖျက်ဆီးသောတမန်**
- **ဒေါသအမျက်ခွက်ဖလားမှ ပထမဆုံးနမူနာ**
- **တရားစီရင်သော ကောင်းကင်တမန်**
- **ဘုရားသခင်၏ တရားစီရင်ခြင်း ဒဏ်**
- **ယေရုရှလင်အပေါ် ရှိသော ဒေါသအမျက်တော်ကို ကြေငြာလေပြီ**
- **ကလဲ့စားချေခြင်းခွက်ဖလား**
- **အပြစ်သားများထံ ကျရောက်မည့် အပြစ်ပေးခြင်းနှင့် ဘုရားသခင်၏ အပြစ်တရားကို မုန်းတီးခြင်း**
- **တရားစီရင်အပြစ်ပေးခြင်း**

ယေရုရှလင်၏ ပျက်ဆီးခြင်းသည် ဘုရားသခင်၏ တရားစီရင်ခြင်းဖြစ်ကြောင်း သံသယရှိစရာ မရှိပေ။ ကျွန်ုပ်တို့ သိလိုသည်မှာ အယ်လင်ဝှိုက်ထံ ဖော်ပြခဲ့သော "နည်း"ကို ဤအဖြစ်ပျက်တွင် အသုံးပြု၍ ရမလား။ "နည်း"ကို ထပ်မံဖော်ပြလိုက်ပါသည်။

ဘုရားသခင်၏ **တရားစီရင်ခြင်းသည် သူ့ထံမှ လူများဆီ တိုက်ရိုက်လာမည် မဟုတ်ကြောင်း၊ လူတို့သည် မိမိကိုမိမိ ဘုရားသခင့်ကွယ်ကာရာ အပြင်ဘက်တွင် ထားရှိထားခြင်းကြောင့်သာ တရားစီရင်ခံရခြင်း**ဖြစ်ကြောင်း ကျွန်မကို ဖော်ပြခဲ့သည်။ သတိပေးခြင်း၊ အမှန်ပြင်ပေးခြင်း၊ ဆုံးမသွန်သင်ခြင်း၊ လုံခြုံသောလမ်းခရီးကို ညွှန်ပြခြင်းတို့ ဘုရားသခင် အစဉ်ပြုပေးသည်။ သူ့အထူးဂရုစိုက်စောင့်ရှောက်ခြင်းခံရသည့် လူသားများအနေဖြင့် မိမိတို့ကိုယ်ပိုင်လမ်းစဉ်ကို လိုက်လျှောက်ကာ၊ ဘုရားသခင့် ဝိညာဉ်တော်၌ မမှီခိုလိုလျှင်၊ အထပ်ထပ်အခါခါ သတိပေးသော်လည်း မိမိတို့ကိုယ်ပိုင်လမ်းစဉ်ကိုသာ ရွေးချယ်မည်ဆိုလျှင် **ဘုရားသခင်က စာတန်၏ တိုက်ခိုက်မှုများမှ ကွယ်ကာပေးသည့် ကောင်းကင်တမန်များကို စောင့်ရှောက်စေတော့မည်မဟုတ်ပေ။ ပင်လယ်ပြင်၌ဖြစ်စေ မြေကြီးပေါ်၌ဖြစ်စေ ဖြစ်ပျက်သော ကပ်ဘေးဒုက္ခများသည် စာတန်ကြောင့် ဖြစ်လာသောအရာများဖြစ်သည်။ လူအပေါင်းကို သုတ်သင်ပယ်ရှားကာ သူ့သားကောင်ဖြစ်လာစေ၏။** Manuscript releases 14: 3 (1883) (LDE 242.2)

ဤနည်းလမ်းမှ ဖြစ်စဉ်အချက် ၈ချက်ကို ကျွန်ုပ်တို့ပုံဖော်ခဲ့ပြီးဖြစ်သည်။

၁။ သတိပေးသည်။ အမှန်ပြင်ပေးသည်။ ဆုံးမသွန်သင်သည်။ လုံခြုံသောလမ်းကို ညွှန်ပြသည်။

၂။ ဝိညာဉ်တော်ကို စွန့်ကာ၊ မိမိတို့ကိုယ်ပိုင်လမ်းစဉ်ကို လိုက်လျှောက်ကြသည်။

၃။ အထပ်ထပ်အခါခါ သတိပေးသော်လည်း မိမိတို့လမ်းကိုသာ ရွေးချယ်သည်။

၄။ မိမိကိုမိမိ ဘုရားသခင့်ကွယ်ကာရာ အပြင်ဘက်သို့ ထားကြသည်။

၅။ ဘုရားသခင်က သူ့ကောင်းချီးမင်္ဂလာများကို ရုတ်သိမ်းလျက်၊ သူ့ကွယ်ကာသောတန်ခိုးကို ဖယ်ရှားလိုက်သည်။

၆။ ဘုရားသခင်၏ ဝိညာဉ်တော် ရုတ်သိမ်းခံရသည်။

၇။ စာတန်၏ တိုက်ခိုက်မှုများမှ ကာကွယ်ပေးမည့် ကောင်းကင်တမန်များကို တာဝန်ပေးမထားတော့။

၈။ စာတန်သည် ပင်လယ်၊ မြေပြင်၊ အရပ်ရပ်တွင် ကပ်ဘေးဒုက္ခများ ကျရောက်စေလျှက် လူအပေါင်းတို့ကို သူ့သားကောင်များ ဖြစ်လာစေသည်။

ယေရုရှလင်ပျက်စီးခြင်း အဖြစ်ပျက်တွင် အထက်ပါ ဖြစ်စဉ်၊ အချက်လက်များကို မြင်နိုင်ပါသလား။ မဟာတိုက်လှန်ပွဲစာအုပ် ပထမအခန်းရှိ နောက်စာပိုဒ်က ထို မေးခွန်းကို ဖြေပေးကာ၊ ရှင်းလင်းစွာ ဖော်ပြပေးထားပါသည်။ အထက်ပါနည်းမှ သက်ဆိုင်ရာအချက်လက်များ စာပိုဒ်အတွင် ထင်ရှားစေရန် ကွင်းဖြင့်ဖော်ပြထားသည်။

ယုဒလူတို့သည် မိမိကိုမိမိ ခြေချင်းခတ်လျက်၊ သူတို့ကိုယ်တိုင် **ကလဲ့စားချေခြင်းခွက်ဖလားကို** ပြည့်စေကြသည်။ တစ်နိုင်ငံလုံး လုံးလုံးပျက်စီးသွားသည်။ အရပ်ရပ်သို့ ပျံ့နှံ့လိုက်လာသော ဘေးဒုက္ခများသည် သူတို့လက်ဖြင့် ကိုယ်တိုင်စိုက်ခဲ့သည့်အတိုင်း ရိတ်သိမ်းရခြင်းဖြစ်သည်။ ပရောဖက်က "အို ဣသရေလ၊ သင့်ကိုကယ်တင်နိုင်သောအရှင် ငါ့ကို သင်သည် ဆန့်ကျင်ဘက်ပြုသောကြောင့် အကျိုးနည်းခြင်းရှိ၏။" "အို ဣသရေလပြည်သားတို့ … သင်တို့သည် သင်တို့၏ အပြစ်ကြောင့် ခြေချော်၍လဲကြပြီ။" **(၁, ၂, ၃)** ဟောရှေ ၁၃း ၉၊ ၁၄း ၁ <u>**သူတို့ခံစားရသော ဒုက္ခဝေဒနာများသည် ဘုရားသခင်ထံမှ တိုက်ရိုက်ချမှတ်သော အ**</u>

**<u>ပြစ်ဒဏ်အဖြစ် မကြာခဏတွေ့ရသည်။</u> လိမ်လည်သူသည် သူ့အကြံစည်ကို လျှို့ဝှက်ထားတတ်၏။ <u>ဘုရား၏ မေတ္တာတော်နှင့် ကရုဏာတော်ကို ခေါင်းမာမာဖြင့် ငြင်းပယ်ကြသောကြောင့် ယုဒလူများအနေဖြင့် ဘုရားသခင်၏ ကွယ်ကာမှုကို သူတို့ထံမှ ရုတ်သိမ်းသွားရအောင် လုပ်ခဲ့ကြသည်။</u> (၄,၅,၆,၇) ထို့ကြောင့် စာတန်သည် သူတို့ကို စိတ်ကြိုက် အုပ်ချုပ်ခြယ်လှယ်ခွင့်ရရှိသွား၏။ ယေရုရှလင်မြို့ ပျက်စီးခြင်း၌ တွေ့ရသော ကြောက်စရာ အကြင်နာမဲ့ရက်စက်မှုများသည် <u>သူ့လက်အောက်တွင် ကျရောက်သွားသူများ အပေါ် စာတန်၏ အငြိုးကြီးသောအစွမ်းတန်းခိုးကို ထင်ရှားစေသောသက်သေဖြစ်ပါသည်။</u> (၇, ၈)** (GC 35. 3)

ကျွန်ုပ်တို့ ရရှိခံစားရသော ငြိမ်သက်ခြင်းနှင့် ကွယ်ကာမှုအတွက် ခရစ်တော်၌ ကျွန်ုပ်တို့ မည်မျှအကြွေးတင်နေကြောင်း မသိနိုင်ပါ။ **လူသားများကို စာတန်၏ ထိန်းချုပ်မှုအောက်သို့ လုံးလုံးကျရောက်မသွားစေရန် ကာကွယ်ပေးသည့်အရာမှာ ဘုရားသခင်၏ ကွယ်ကာပေးသည့် တန်ခိုးတော်ဖြစ်သည်။ (၅, ၆, ၇, ၈)** နားမထောင်တတ်သူများနှင့် ကျေးဇူးမသိတတ်သူများအတွက်ပင်လျှင် **နတ်ဆိုးရန်သူ၏ ဘေးအန္တရယ်ပေးမှု၊ အကြင်နာမဲ့ရက်စက်မှုများကို ထိန်းချုပ်ပေးသည့် ဘုရားသခင်၏ စိတ်ရှည်သည်းခံခြင်းနှင့် ကရုဏာတော်အတွက် ကျေးဇူးတင်စရာရှိပါသည်။ (၇, ၈)** လူသားများသည် ဘုရားသခင်၏ သည်းခံခြင်းအတိုင်းတာကို ကျော်လွန်လာသောအခါ ထိုကာကွယ်ခြင်းတန်ခိုးကို ရုတ်သိမ်းလိုက်သည်။ **(၅, ၆, ၇) ဘုရားသခင်သည် အပြစ်ကျူးလွန်မှုအတွက် အပြစ်သားကို ပြစ်မှုရာဇသတ်ဖြင့် သေမိန့်ပေးတတ်သူ မဟုတ်ပါ။ သို့သော်လည်း သူ့ကရုဏာတော်ကို ငြင်းပယ်သူများအား သူတို့စိုက်သည့်အတိုင်း(၂,၃,၄) ရိတ်ရန် စွန့်ထားရပါတော့သည်။ (၅, ၆, ၇)** ငြင်းပယ်ခံရသည့် အလင်းတိုင်း၊

အလေးထားမခံရသည့် သတိပေးချက်တိုင်း၊ အလိုလိုက်ခံရသည့် အလိုဆန္ဒတိုင်း၊ ချိုးဖောက်ခံရသော ဘုရားသခင်၏ ပညတ်တော်တိုင်းသည် မလွဲမသွေရိတ်သိမ်းရမည့် မျိုးစေ့များဖြစ်သည်။ **(၁, ၂, ၃, ၄)** ***မဆုတ်မနစ် ခုခံ တွန်းလှန်ပေးသည့် ဘုရားသခင်၏ ဝိညာဉ်တော်ကို အဆုံးတွင် အပြစ်သားထံမှ ရုတ်သိမ်းလိုက်သည်။ ထို့နောက် ဝိညာဉ်၏ မကောင်းသော အလိုဆန္ဒများကို ထိန်းချုပ်ပေးမည့် တန်ခိုးမရှိတော့ချေ။ စာတန်၏ ဘေးဒုက္ခရောက်စေလိုသည့် ရည်ရွယ်ချက်နှင့် ရန်လိုစိတ်မှ ကာကွယ်ပေးမည့်အရာ မရှိတော့ချေ။ (၅, ၆, ၇, ၈)*** **ယေရုရှလင်မြို့ပျက်စီးခြင်းသည် ဘုရား၏ကရုဏာတော်ကို ဂရုမထားဘဲ၊ အကြင်နာတရား၏ တောင်းပန်မှုများကို ငြင်းပယ်ခြင်းအတွက် ကြောက်စရာကောင်းသော သတိပေးချက်ပင်ဖြစ်သည်။ (၁, ၂, ၃)** ***အပြစ်သားများထံ ကျရောက်မည့် အပြစ်ပေးခြင်းနှင့် ဘုရားသခင်၏ အပြစ်တရားကို မုန်းတီးခြင်းအကြောင်း ထို့ထက် ပိုမိုပြတ်သားသောသက်သေ မရှိဖူးသေးပါ။*** (GC 36. 1)

ဆိုလိုရေးသားချက်များသည် ယေရှု အယ်လင်ဝှိုက်ထံပြပေးခဲ့သော ဘုရားသခင်၏ တရားစီရင်နည်းနှင့် ကိုက်ညီကြောင်းတွေ့ရသည်။ ထို့ကြောင့် ဘုရားသခင်သည် အပြစ်သားကို ပြစ်မှုရာဇသတ်ဖြင့် အသေသတ်သောဘုရား မဟုတ်သောကြောင့် ယေရုရှလင်ပျက်စီးခြင်းအကြောင်း ရေးသားရာတွင် တွေ့ရသော စကားလုံးများဖြစ်သည့် တရားစီရင်ခြင်း၊ အမျက်ဒေါသ၊ ကလဲ့စားချေခြင်း၊ အပြစ်ဒဏ်ပေးခြင်းစသည့် အသုံးနှုန်းများ၏ ဆိုလိုရင်းမှာ အပြစ်သားကို သူ့ရွေးချယ်မှုအတိုင်းထားရစ်ခဲ့သည့်အတွက် နတ်ဆိုးရန်မှ ကာကွယ်စောင့်ရှောက်မည့်သူ မရှိတော့ကြောင်း ဆိုလိုခြင်းဖြစ်သည်။

ပုံပမာထဲတွင် ယေရှုပြောပြသည့် သားတော်ကို မင်္ဂလာဆောင်ပေးသည့် ဘုရင်ကြီးအကြောင်းရှိပါသည်။ “ထိုမင်းကြီးသည် ကြားလျှင် အမျက်ထွက်၍ စစ်ချီစေသဖြင့်၊

လူ့အသက်ကိုသတ်သော ထိုသူတို့ကို အပြီးသတ်လုပ်ကြ၍ သူတို့မြို့ကို မီးရှို့လေ၏။ (မဿဲ ၂၂း ၇)

ထို့သို့ဖြင့် ယုဒလူမျိုးတို့သည် ဘုရားသခင်၏ ကရုဏာတော်ကို အပြီးသတ်ငြင်းဆိုခဲ့ကြသည်။ အကျိုးဆက်ကို ပုံပမာထဲတွင် ခရစ်တော်ကြိုပြောထားပြီးဖြစ်သည်။ "စစ်ချီစေသဖြင့်၊ လူ့အသက်ကိုသတ်သော ထိုသူတို့ကို အပြီးသတ်လုပ်ကြ၍ သူတို့မြို့ကို မီးရှို့လေ၏။" တရားစီရင်ခြင်းခံရ၍ ယေရုရှလင်မြို့ပျက်သုန်းရလေရာ၊ နိုင်ငံတော်သည် အစိတ်စိတ်အမွှာမွှာပုံ့ကြဲလေ၏။ (COL 308. 3)

ကျမ်းစာ၌ရေးသားဖော်ပြချက်များ ထူးဆန်းကောင်း ထူးဆန်းနိုင်ပါသည်။ သို့သော်လည်း ကျမ်းစာအနက်ဖွင့်သူသည် ကျမ်းစာပင်ဖြစ်လေရာ၊ ဘုရားသခင်၏ အမျက်တော်သည် မည်သို့သဘောရှိကြောင်း ရှင်းလင်းစွာ ဖော်ပြပြီးဖြစ်သည်။ အမျက်တော်ဆိုသည်မှာ ဘုရားသခင်၏ မျက်နှာတော်လွှဲခြင်းဖြစ်သည်။

"**ပြင်းစွာအမျက်ထွက်၍ ခဏမျှ ငါမျက်နှာကိုလွှဲသော်လည်း၊** ထာဝရမေတ္တာနှင့် သင့်ကိုကယ်မသနားဦးမည်ဟု သင့်ကိုရွေးနုတ်သော ထာဝရဘုရား မိန့်တော်မူ၏။" (ဟေရှာယ ၅၄း ၈)

"**အကျွန်ုပ်ကို မျက်နှာလွှဲတော်မမူပါနှင့်။** အမျက်ထွက်၍ ကိုယ်တော်၏ကျွန်ကို ပယ်တော်မမူပါနှင့်။ အကျွန်ုပ်ကို ကယ်တင်တော်မူသော ဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို မစတော်မူဖူးသည်ဖြစ်၍ အကျွန်ုပ်ကိုစွန့်ပစ်တော်မမူပါနှင့်။" (ဆာလံ ၂၇း ၉)

"ထိုအခါ **ငါသည်အမျက်ထွက်၍ သူတို့ကိုစွန့်မည်။ သူတို့မှ ငါ့မျက်နှာကိုလွှဲသဖြင့်၊** သူတို့သည်ပျက်စီး၍ ဘေးဒဏ်ရန်မာန်အပေါင်းတို့နှင့် တွေ့ကြုံ

ကြလိမ့်မည်။ ထိုအခါ၊ သူတို့က ငါတို့ဘုရားသခင်သည် ငါတို့တွင် ရှိတော်မမူသောကြောင့် ဤဘေးဒဏ်တို့သည် ငါတို့အပေါ်မှာ ရောက်သည်မဟုတ်လော ဟု ဆိုကြလိမ့်မည်။" (တရားဟောရာ ၃၁း ၁၇)

ကျွန်တော်တို့ လေ့လာနေသည့် "နည်း"၊"ပုံစံ"နှင့် တူနေသည်မဟုတ်လား။ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ကာကွယ်ပေးသောတန်ခိုးကို ရုတ်သိမ်းခြင်းသည် မျက်နှာတော်ကိုလွှဲခြင်းပင်ဖြစ်သည်။ မကောင်းသည့် လူများသေဆုံးသည့်အခါ ဝမ်းသာအားရခြင်းမရှိတတ်သည့် ဘုရားသခင်အဖို့ ဤအဖြစ်ပျက်များသည် နာကျင်စရာများဖြစ်ပါသည်။ (ယေဇကျေလ ၁၈း ၂၃)

ယေရုရှလင်မြို့ပျက်စီးခြင်းနှင့် ပတ်သက်၍ အယ်လင်ဝှိုက်ဖော်ပြခဲ့သည့် အချက်နှစ်ချက်ကို ကျွန်တော်ညွှန်ပြလိုပါသည်။

***မဆုတ်မနစ် ခုခံ တွန်းလှန်ပေးသည့် ဘုရားသခင်၏ ဝိညာဉ်တော်ကို အဆုံးတွင် အပြစ်သားထံမှ ရုတ်သိမ်းလိုက်သည်။ ထို့နောက် ဝိညာဉ်၏ မကောင်းသော အလိုဆန္ဒများကို ထိန်းချုပ်ပေးမည့် တန်ခိုးမရှိတော့ချေ။ စာတန်၏ ဘေးဒုက္ခရောက်စေလိုသည့် ရည်ရွယ်ချက်နှင့် ရန်လိုစိတ်မှ ကာကွယ်ပေးမည့်အရာ မရှိတော့ချေ။ (၅, ၆,)*** (GC 36)

ဘုရားသခင် ကျွန်ုပ်တို့ကို စွန့်ထားသည့်အခါ ဤသို့ဖြစ်လာသည်

- ဝိညာဉ်၏ မကောင်းသော အလိုဆန္ဒများကို ထိန်းချုပ်ပေးမည့် တန်ခိုးမရှိတော့
- စာတန်၏ ဘေးဒုက္ခရောက်စေလိုသည့် ရည်ရွယ်ချက်နှင့် ရန်လိုစိတ်မှ ကာကွယ်ပေးမည့်အရာ မရှိတော့

အကြောင်းကိုပင် စာမျက်နှာ ၃၆တွင် ထပ်မံတွေ့ရသည်။

> “အတိတ်မှတ်တမ်းများတွင် တွေ့ရသည့် သဘောထားကွဲလွဲမှုများ၊ ဝရုန်းသုန်းကား အုတ်အာသောင်းသဲဖြစ်ခြင်း၊ တော်လှန်ပုန်ကန်မှုများ၊ “ချင်းနင်းဝင်ရောက်လာသော ရန်သူစစ်သည်များ ...နှင့် သွေးစွန်းလျက်ရှိသည့် အဝတ်အစားများ” (ဟေရှာယ ၉း ၅)သည် **ဘုရားသခင်၏ ကွယ်ကာသော ဝိညာဉ်တော်အားဆိုးသွမ်းများထံမှ လုံးလုံး ရုတ်သိမ်းမည့်နေ့ရက်ကာလ၊ စာတန်၏ အမျက်ဒေါသနှင့် လူ့ဇာတိတပ်မက်စိတ် ပေါက်ကွဲမှုများကို ထိန်းချုပ်မည့်သူ မရှိတော့မည့်နေ့ရက်ကာလ**၌ ဖြစ်ပျက်မည့် ကြောက်စရာအဖြစ်ပျက်များနှင့် နှိုင်းယှဉ်ရလောက်သည် မဟုတ်ချေ။” GC 36

ကျွန်ုပ်တို့ ကြောက်ရမည့်အရာများမှာ -

၁။ လူ့ဇာတိတပ်မက်စိတ်၏ ပေါက်ကွဲမှုများ

၂။ စာတန်၏ အမျက်ဒေါသပေါက်ကွဲမှုများ

ဘုရားသခင်၏ ဝိညာဉ်တော်သည် ပထမအချက်မှ ကျွန်ုပ်တို့ကို ကာကွယ်ပေး၏။

ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ဒုတိယအချက်မှ ကျွန်ုပ်တို့ကို ကာကွယ်ပေး၏။

ယေရုရှလင်၏ပျက်စီးခြင်းသည် အဘယ့်ကြောင့်အရေးပါရသနည်းဟုဆိုလျှင် ထိုအရာသည် လူ့သမိုင်းတစ်လျှောက်၊ ကမ္ဘာအဆုံးသတ်အချိန်ထိ ဘုရားသခင်၏ တရားစီရင်ခြင်းဖြစ်စဉ်ကို ဖော်ပြနေသောကြောင့်ဖြစ်သည်။ ဝိညာဉ်တော်စာပေက တရားစီရင်ခြင်း အဓိကအချက် ၄ချက်အကြောင်း မည်သို့ပြောထားသည်ကို သတိပြုကြည့်ပါ။

ကရုဏာတော်ဖြင့် ဘုရားသခင်ပေးသော သတိပေးစကားများကို ပြစ်ဒဏ် အကျိုးဆက်မခံစားရဘဲ လူသားတို့ ငြင်းပယ်၍မရပါ။ **နောအေချိန်တွင် ကောင်းကင်မှ သတင်းစကား ပေးခဲ့သည်။** လူတို့၏ ကယ်တင်ခြင်းသည် သတင်းစကားအပေါ် သူတို့တုံ့ပြန်မှု၌ မူတည်နေသည်။ သတိပေးစကားကို သူတို့ငြင်းပယ်သောကြောင့် **ဘုရားသခင်၏ ဝိညာဉ်တော်သည် အပြစ်သား တို့ထံမှ ရုတ်သိမ်းခြင်းခံရ၏။** ထို့ကြောင့် ရေလွှမ်းမိုးခြင်း၌ သူတို့ပျက်စီး သွားရသည်။ **အာဗြဟံအချိန်ခါတွင်လည်း သောဒုံလူများအတွက် ကရုဏာ တော်၏ တောင်းပန်သတိပေးချက်များ ရပ်တန့်**သွားသည့်အတွက် လောတ၊ သူ့ဇနီးနှင့် သမီးနှစ်ယောက်မှလွဲ၍ အားလုံးသည် ကောင်းကင်မှကျလာသော မီးဖြင့် လောင်ကျွမ်းခြင်းခံရကြသည်။ ထိုနည်းတူစွာ **ခရစ်တော်အချိန်တွင် ဘုရားသခင်၏ သားတော်က ထိုချိန်က မယုံကြည်သူ ယုဒမျိုးဆက်များအား “သင်တို့နေသောအိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏” ဟု ကြေငြာခဲ့ပါသည်။** (မဿဲ ၂၃း ၃၈) နောက်ဆုံးသော နေ့ရက်အတွက်လည်း ကယ်တင်ခံရစေမည့် အမှန်တရားကို မနှစ်သက်၊ လက်မခံသူများအပေါ် ထို ကဲ့သို့သော ကြီးစွာသောဘေးဒုက္ခများ ကြေငြာထားပြီးဖြစ်သည်။ “ပျက်စီး ခြင်းသို့ရောက်သောသူတို့တွင် မတရားသော လှည့်ဖြားခြင်း အမျိုးမျိုးနှင့် လည်းကောင်း လာလိမ့်မည်။ အကြောင်းမူကား၊ ထိုသူတို့သည် ကယ်တင် ခြင်းသို့ ရောက်အံ့သောငှာ သမ္မတရား၌ မွေ့လျော်သောစိတ်ကို မခံမယူကြ။ ထို့ကြောင့်၊ သမ္မာတရားကို မယုံဘဲ၊ မတရားသောအမှု၌ မွေ့လျော်သောသူအ ပေါင်းတို့သည်၊ တရားရှုံးခြင်းသို့ ရောက်မည့်အကြောင်း၊ မုသားစကားကို ယုံ စိမ့်သောငှာ၊ မိစ္ဆာဒိဋ္ဌိပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ ဘုရားသခင် လွှတ်တော်မူလိမ့် မည်။” (၂သက်သာ ၂း ၁၀-၁၂) **ဘုရားသခင်၏ သွန်သင် ချက်များကို ငြင်းပယ်ကြသောကြောင့် ဘုရားသခင်က သူ့ဝိညာဉ်ကို ရုတ်**

**သိမ်းလျက် သူတို့နှစ်သက်သော လိမ်လည်ခြင်းအထဲ၌ ပစ်ထားသွားတော့ ၏။** (GC 431)

ရေလွှမ်းမိုးခြင်း၊ သောဒုံနှင့် ဂေါမောရ၊ ယေရုရှလင်ပျက်စီးခြင်းနှင့် ကမ္ဘာ့အဆုံး သတ်အချိန်တွင်လည်း ဤတရားစီရင်နည်းကို ကျွန်ုပ်တို့တွေ့ရသည်။ ဆိုးသွမ်းသူ များ၏ အဆုံးသတ်အကြောင်း မေးခွန်းများနှင့်ပတ်သက်၍ ဖြေရှင်းဖို့ရန် အခြား ဥပ မာတစ်ခုကို ကျွန်ုပ်တို့ကြည့်ကြပါစို့။ နှစ်ပေါင်းတစ်ထောင် စိုးစံခြင်းအချိန် ပြီးဆုံး သွားသောအခါ လူသားအားလုံးပြန်လည် ရှင်ပြန်နိုးထလာမည်ဖြစ်ပြီး၊ ဆိုးသွမ်းသူ များသည် အဆုံးတွင် ဒုတိယသေခြင်းကို ရင်ဆိုင်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာ၏ တရားစီရင်ခြင်းအဖို့ နောက်ဆုံးသောနေ့ရောက်ကာလအထိ လူများသည် ကျမ်းစာအ သုံးနှုန်းအရ အိပ်ပျော်နေကြ၏။ ယေရှုက လာဇရုကိုရည်မှတ်၍ပြောသကဲ့သို့ သေ သည်မဟုတ်ဘဲ အိပ်ပျော်နေကြခြင်းဖြစ်သည်။ ဆိုးသွမ်းသူများအပေါ် နောက်ဆုံး တရားစီရင်ခြင်း အတွေ့ကြုံကို ကြုံတွေ့သူ ခရစ်တော်တစ်ဦးသာရှိသေးသည်။ ထို့ ကြောင့် ဆိုးသွမ်းသူများ၏ နောက်ဆုံး သေဆုံးခြင်းအကြောင်း နားလည်နိုင်ရန် ကားတိုင်ထက်မှ အသက်ချုပ်တော်မူခြင်းအကြောင်း လေ့လာရန် လိုအပ်ပါသည်။ ယေရှုက အပြစ်ကြွေးကို သူ့အပေါ် ယူဆောင်သွားသောကြောင့် ကျွန်ုပ်တို့ကိုယ်စား အပြစ်အခကို ခံစားခဲ့ရသည်။

> "ငါတို့သည် အပြစ်၌ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံ တော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူ သည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ သို့ဖြစ်၍၊ ယခုတွင် အသွေးတော် အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ် ချွတ်တော်မူခြင်းသို့ ရောက်မည်ဟုသာ၍ မျှော်လင့်စရာရှိ၏။" ရောမ ၅း ၈-၉

“ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။” ဟေရှာယ ၅၃း ၅

နောက်ဆုံးအချိန်တွင် ဆိုးသွမ်းသူများအပေါ် ဖြစ်ပျက်မည့်အရာများ နားလည်နိုင်ရန် ခရစ်တော်၏ သေဆုံးခြင်းဖြစ်စဉ်ကို လေ့လာကြပါစို့။

ကျွန်ုပ်တို့ကိုယ်စား ခရစ်တော်အပေါ် ကျွန်ုပ်တို့၏ အပြစ်အားလုံးကို ပုံအပ်ထား၏။ ပညတ်တော်၏ စွပ်စွဲချက်မှ ကျွန်ုပ်တို့ကို ကယ်တင်နိုင်ရန် သူသည် ပညတ်တော်ချိုးဖောက်သူ ဖြစ်လာရသည်။ **အာဒံမှစ၍ နောင်မျိုးဆက်အားလုံး၏ အပြစ်များသည် သူ၏နှလုံးသားကို ဖိနှိပ်ထား၏။** အပြစ်တရားအပေါ် ဘုရားသခင်၏ အမျက်တော်၊ အပြစ်တရားအပေါ် ဘုရားသခင်၏ စက်ဆုပ်ရွံရှာခြင်းတို့က သားတော်၏ ဝိညာဉ်ကို တုန်လှုပ်ခြောက်ခြားစေ၏။ သူ့အသက်တာတစ်လျှောက်လုံး ခရစ်တော်သည် ကျဆုံးကမ္ဘာကြီးအတွက် ခမည်းတော်၏ ကရုဏာတော်၊ ခွင့်လွှတ်ခြင်းမေတ္တာတော် သတင်းကောင်းကို ဝေငှဟောကြားခဲ့သည်။ အပြစ်ကြီးဆုံးသောသူအတွက် ကယ်တင်ခြင်းတရားသည် သူဟောသောတရား ဖြစ်သည်။ ယခုတွင်မူ သူခံစားရသော ဆိုးဝါးလွန်းလှသော အပြစ်ဝန်ကြောင့် ခမည်းတော်၏ အနှိုင်းမဲ့မေတ္တာတော်မျက်နှာကို မမြင်နိုင်တော့ချေ။ **ကယ်တင်ရှင်ထံမှ ဘုရားသခင်၏ မျက်နှာတော်ကို ရုတ်သိမ်းလိုက်သည့်အခါ လူသားတို့ နားမလည်နိုင်သည့် အပြင်းပြဆုံးသောကဝေဒနာမီးတောက်များက သူ့နှလုံးသားကို ဆုပ်ဖြဲထိုးဖောက်သွားကြသည်။ ကို ယ်ခန္ဓာနာကျင်မှုများ မခံစားနိုင်တော့သည်အထိ စိတ်သောကဝေဒနာကြီးစွာတောက်လောင်လေ၏။**
(DA 753. 1)

အပြစ်သားထံမှ ဘုရားသခင်၏ ဝိညာဉ်တော် ရုတ်သိမ်းသည့်အခါ ဘုရားသခင်၏ ကရုဏာတော်ကို သူတို့ယုံကြည်လာအောင် နှစ်သိမ့်ပေးနိုင်မည့်သူ မရှိတော့ချေ။ အပြစ်သားသည် သူတို့အပြစ်၏အခကို မျှော်လင့်ချက်စိုးစိမျှမရှိသည့်အခြေနေဖြင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။ ထိုခံစားချက်သည် ခရစ်တော်ကို ငိုကြွေးစေခဲ့သည့် အပြစ်၏ သဘောတရားဖြစ်သည်။

"သုံးချက်တီးအချိန်၌ ယေရှုက၊ ဧလိ၊ ဧလိ၊ လာမာရှာဗခသာနိဟု ကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်းဟု ဆိုလိုသတည်း။" မဿဲ ၂၇း ၄၆

သူ့အပေါ်သက်ရောက်လာသော အပြစ်တရားကြောင့် ခရစ်တော်သည် လုံးလုံးစွန့်ပစ်ခြင်းခံရကာ၊ တစ်ဦးတည်းပစ်ထားခြင်းခံရသကဲ့သို့ ခံစားခဲ့ရသည်။

**စာတန်က ရက်စက်သောစုံးစမ်းနှောင့်ယှက်ခြင်းဖြင့် ယေရှု၏ စိတ်နှလုံးကို ညှင်းပန်းနှိပ်စက်ခဲ့သည်။** ကယ်တင်ရှင်က သင်္ချိုင်းထဲ၌ မျှော်လင့်ချက်တံခါးပေါက်တစ်စုံတစ်ရာ မမြင်နိုင်ခဲ့ချေ။ ဂူသင်္ချိုင်းထဲမှ အောင်နိုင်သူအဖြစ် ပြန်လည် နိုးထလာမည့် မျှော်လင့်ချက်၊ သူပူဇော်သောယဇ်ကို ခမည်းတော်ဘုရား လက်ခံပါသည်ဆိုသည့် မျှော်လင့်ချက် လုံးလုံးပျောက်ဆုံးခဲ့သည်။ **အပြစ်တရားသည် ဘုရားသခင်အတွက် ဆိုးရွားလှသည်ဖြစ်၍ သူတို့၏ ခွဲခွာခြင်းသည် ထာဝရခွဲခွာခြင်းဖြစ်သွားမည်ကို သူစိုးရိမ်ကြောက်ရွံ့ခဲ့ရသည်။ အပြစ်သားများအတွက် ကရုဏာတော်၏ သတိပေးတောင်းပန်ချက်များ ရပ်တန့်သွားသည့်အချိန် အပြစ်သားခံစားရမည့် သောကဝေဒနာကို ခရစ်တော်ခံစားခဲ့ရသည်။** လူသားတို့ကိုယ်စား ခမည်းတော်၏ အမျက်တော်သည် သူ့အပေါ်သက်ရောက်ရသည်မှာ အပြစ်တရားကြောင့်ဖြစ်သည်။ သူသောက်ရသည့် ခွက်သည် ခါးသီး

လှသည်ဖြစ်၍ ဘုရားသခင့် သားတော်၏ စိတ်နှလုံးကို ကြေမွသွားစေသော အရာသည် အပြစ်တရားပင်ဖြစ်သည်။ (DA 753. 2)

ဆိုးသွမ်းလူသားများအပေါ် ခမည်းတော်၏ အမျက်တော်ကို ကျရောက်စေသော အရာသည် အပြစ်တရားဖြစ်သည်။ ခမည်းတော်ရဲ့အမျက်တော်ဆိုတာ ဘာလဲ။

"အိုထာဝရဘုရား၊ ကိုယ်တော်သည် အလျှင်းမထင်ရှားဘဲ၊ အဘယ်မျှကာလ ပတ်လုံးပုန်း၍ နေတော်မူမည်နည်း။" ဆာလံ ၈၉း ၄၆

ခမည်းတော်၏ အမျက်တော်သည် မျက်နှာတော်ကို ကွယ်ဝှက်ထားခြင်းဖြစ်သည်။

**ထိုထူထပ်မှောင်မိုက်ထဲတွင် ဘုရားသခင်၏ မျက်မှောက်တော်ကို ကွယ်ဝှက်ထား၏။** သူ့နေရာကို မှောင်မိုက်ဖြစ်စေလျက် လူ့မျက်စိမှ သူ့ဘုန်းတော်ကို ဝှက်ထားတော်မူ၏။ **ဘုရားသခင်နှင့် (၇၅၄) ကောင်းကင်တမန်များသည် ကားတိုင်ဘေးတွင် ရှိနေကြပါသည်။ ခမည်းတော်သည် သားတော်နှင့်အတူရှိနေ၏။ သို့သော်လည်း အတူရှိခြင်းကို ဖော်ပြတော်မမူ။** အကယ်၍ သူ့ဘုန်းတော်ကို တိမ်စိုင်များအကြားမှ ပေါ်ထွက်ထွန်းတောက်စေခဲ့လျှင် မြင်တွေ့သမျှသော လူသားတိုင်း ပျက်စီးသွားရပေလိမ့်မည်။ **ထိုကြောက်လန့်ဖွယ် အချိန်နာရီတွင် ခရစ်တော်သည် ခမည်းတော်၏ အတူရှိခြင်းဖြင့် နှစ်သိမ့်ခံဖို့အချိန်မဟုတ်ခဲ့ချေ။** အပျစ်သီးနယ်ရာကျင်းထဲတွင် တစ်ကိုယ်တည်း ဖြတ်လျှောက်ရမည့်အချိန်ဖြစ်သည်။ မည်သူမျှကိုယ်နှင့်အတူ ရှိမနေခဲ့ချေ။ (DA 753. 4)

ခမည်းတော်သည် သားတော်နှင့်အတူ မှောင်မိုက်ထဲမှ ရှိနေခဲ့သော်လည်း အပြစ်တရားသည် ခမည်းတော်၏ နှစ်သိမ့်မှုကို ပယ်ရှားပစ်ခဲ့သည်။ အပြစ်သား သေဆုံးသည့်အခါ ခမည်းတော် သူနှင့်အတူ ရှိနေသော်လည်း ဝိညာဉ်တော်ကို ရုတ်သိမ်းပြီးသည်ဖြစ်၍ အပြစ်သားသည် အတူရှိခြင်းကို သိမြင်နိုင်မည်မဟုတ်ချေ။

အထက်ပါကိုးကားချက်များအားဖြင့် ခမည်းတော်၏ မျက်နှာတော်လွှဲထားခြင်း တည်းဟူသော ဝိညာဉ်တော်ရုတ်သိမ်းခြင်းသည် မီးဖြင့် လောင်မြိုက်သကဲ့သို့ ခံစားရကြောင်း ကျွန်တော်တို့ တွေ့ရပြီးဖြစ်သည်။

> "ကြည့်ရှုလော့၊ ထာဝရဘုရား၏နာမတော်သည် ဝေးသောအရပ်မှ လာ၏။ အမျက်တော်လောင်၍ မီးလျှံဟုန်းလေ၏။ နှုတ်တော်သည် အမျက်နှင့်ပြည့်၍ လျှာတော်သည် မီးရှို့သကဲ့သို့ဖြစ်လေ၏။" ဟေရှာယ ၃၀:၂၇)

ထာဝရဘုရား၏ နာမတော်သည် ဝေးသောအရပ်မှလာကြောင်း သတိပြုပါ။ ဘုရား၏ နာမသည် ဘုရား၏ ဂုဏ်တော်ဝိသေသဖြစ်သည်။ စိတ်ကြီးဝင်သော အပြစ်သားသည် ဘုရားသခင်၏ ပြီးပြည့်စုံသော ကိုယ်ကျိုးစွန့်မေတ္တာတော်ကို မြင်ရသောအခါ ထိုမေတ္တာတော်သည် အပြစ်သား၏ ဆိုးယုတ်မှုကို ထင်ရှားလာစေသည်ဖြစ်၍ အမှောင်ထဲတွင် နှစ်ပေါင်းများစွာနေထိုင်သူသည် အလွန်တောက်ပသော အလင်းကို စိုက်ကြည့်ရသကဲ့သို့ နာကျင်စေပါသည်။

> ယခုတွင် ခရစ်တော်သည် သူ့ရန်သူများ၏ မြင်ကွင်းတွင် တစ်ဖန်ပေါ်လာ၏။ မီးဖြင့်စစ်ပြီးသော ရွှေစင်ဖြင့်အုတ်မြစ်ချထားသော မြို့တော်၏ အထက်၌ ပလ္လင်တော်သည် အမြင့်တွင် မြှောက်ထားခြင်းခံလျက်ရှိ၏။ ထိုပလ္လင်ပေါ်တွင် ဘုရားသခင်၏ သားတော်ထိုင်လျက် သူ့အနားအတွက် ကောင်းကင်သားများ ဝန်းရံထား၏။ ခရစ်တော်၏ ဘုန်းတန်ခိုးအာနုဘော်နှင့် ကြီးမြတ်တင့်တယ်မှုကို ဘယ် ကလောင်မျှ ရေး၍မမှီ၊ ဘယ်ဘာသာစကားမျှ ဖော်ကျူး၍မနိုင်။ ထာဝရခမည်းတော်ဘုရား၏ ဘုန်းတော်သည် သားတော်ကို လွှမ်းခြုံထား၏။ သူ့အတူရှိခြင်းဘုန်းတော်သည် ဘုရားသခင့်မြို့တော်ကို ဖုံးလွှမ်းလျက်၊ မြို့တော်တံခါးပေါက်တစ်ဖက်သို့တိုင် လျှံထွက်ကာ၊ ကမ္ဘာကြီးတစ်ခုလုံး ရောက်ခြည်တော်နှင့် ပြည့်လျှံနေ၏။ (GC 665.1)

ခမည်းတော်နှင့် သားတော်၏ အကြီးမြတ်ဆုံးသော ဘုန်းတော်သည် ကားတိုင်တော် ထက်၌ ထင်ရှား၏။ နှစ်ပေါင်း ၁၀၀၀ ပြီးဆုံးသွားပြီးနောက် ကားတိုင်တော်၏ ဘုန်း သရေတော်ကို တစ်ကမ္ဘာလုံးမြင်တွေ့ကြရလိမ့်မည်။ ကားတိုင်တော်ကို မြင်တွေ့ရ သည့် အပြစ်သားများ ခံစားရမည့် မချိတင်ကဲဝေဒနာအကြောင်း ဂရုတစိုက် ဖတ် ကြည့်ကြစို့။

ပလ္လင်တော်ထက်၌ ကားတိုင်တော်ကို တွေ့ရသည်။ မြင်ကွင်းကျယ်ကြီးတစ်ခု ပေါ်လာ၍ အာဒံခံရသော စုံစမ်းခြင်းနှင့် ကျဆုံးခြင်း၊ ကယ်တင်ခြင်း စီမံကိန်းပါ ခြေလှမ်းများ ဆက်တိုက်အဆင့်ဆင့် ပေါ်လာ၏။ ကယ်တင်ရှင်၏ နိမ့်ချသော မွေးဖွားခြင်း၊ အစောပိုင်းအရွယ်၌ နေထိုင်ခဲ့သည့် ရိုးရှင်း၍ နာခံတတ်သော အ သက်တာအကြောင်းတို့ တွေ့ရသည်။ ယောဒန်မြစ်၌ နှစ်ခြင်းခံခြင်း၊ အစာရှောင် ဆုတောင်းခြင်းနှင့် တောထဲ၌ စုံစမ်းခံရခြင်းအကြောင်းများ တွေ့ရသည်။ သာသ နာပြုခရီးထွက်ခြင်း၊ လူသားများတွက် အဖိုးတန်ဆုံးသော ကောင်းချီးမင်္ဂလာ များ ဖွင့်ပြခြင်း၊ မေတ္တာ၊ ကရုဏာတို့ဖြင့် ဆက်ဆံခံရသည့်နေရက်များ၊ တောင် ပေါ်တွင် တစ်ကိုယ်တည်းနေ၍ ဆုတောင်းရသည့် ညများအကြောင်း၊ မနာလို၊ မုန်းတီးခံရသည့်အကြောင်း၊ ကျေးဇူးတရားကို အသက်ဘေးဖြင့်အဆပ်ခံရခြင်း တစ်ကမ္ဘာလုံးအပြစ်များ၏ နင်းချေမှုအောက်တွင် ခါးသီးနက်ရှိုင်းသော ပရိဒေ ဝဝေဒနာဖြင့်ပြည့်နေသော ဂေသရေမာနီညအကြောင်း၊ လူသတ်သမားတစ်စု လက်သို့ သစ္စာဖောက်ခံရခြင်း၊ ထိတ်လန့်စရာညတွင် မခုခံသည့် အကျဉ်းသား၊ ချစ်လှစွာသော တပည့်တော်များ၏ စွန့်ပစ်ခံရခြင်း၊ ယေရုရှလင်လမ်းမထက်၌ ကြမ်းတမ်းစွာ နှင်ထုတ်ခံရခြင်း၊ အာန္နတ်မင်းရှေ့တွင် ဝမ်သားအားရ ပို့ဆောင်ခံ ရခြင်း၊ ယဇ်ပုရောဟိတ်မင်း၏ နန်းတော်၊ ပိလတ်မင်း၏ တရားရုံး၊ ကြမ်းကြု တ်သူရဲဘောကြောင် ဟေရုတ်မင်းရှေ့မောက်တွင် မတရားစွပ်စွဲခံရခြင်း လှောင် ပြောင်ခံရခြင်း၊ စော်ကားခံရခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ အပြစ်တင်ခံရခြင်း

များမှ အသက်ချုပ်ခြင်းအထိ အားလုံးကို ရှင်းလင်းကြည်လင်ပြတ်သားစွာ ပြသသွားသည်။

ထို့နောက် တုန်လှုပ်နေသော လူထုကြီးရှေ့တွင် နောက်ဆုံးမြင်ကွင်းများဖြစ်သည့် ကရာနီကုန်းဘက်သို့ လျှောက်သွားသော နှိပ်စက်ခံရသူကယ်တင်ရှင်၊ ကားတိုင်ပေါ်တွင် ချိတ်ဆွဲခံရသော ကောင်းကင်အရှင်၊ မောက်မာသော ယဇ်ပုရောဟိတ်များ၊ အသက်ထွက်လုနီးဝေဒနာခံစားနေသည်ကို လှောင်ပြောင်ပြက်ရယ်ပြုနေကြသော လူအုပ်၊ သာဘာဝလွန် မှောင်မိုက်ကြီး၊ မြေကြီးလှုပ်ခတ်တုန်လှုပ်သွားခြင်း၊ ကျောက်များအက်ကွဲခြင်း၊ သင်္ချိုင်းအခေါင်းများ ပွင့်ထွက်သွားခြင်း၊ လောကကယ်တင်ရှင် အသက်တော်ကို စွန့်တော်မူသည့် အဖြစ်ပျက်များကို မြင်ရ၏။

**စိတ်မကောင်းစရာ မြင်ကွင်းများ အရှိကိုအရှိတိုင်းအတိကျ ပေါ်လာကြသည်။ စာတန်၊ စာတန်၏ တမန်များနှင့် သူ့နောက်လိုက်များသည် သူတို့လုပ်ရက်များကိုပြထားသည့် မြင်ကွင်းအား ကျောခိုင်းခြင်းငှာ မစွမ်းနိုင်ကြ။ ပါဝင်သူများ မိမိတို့ပြုခဲ့သည့်အရာများကို ပြန်လည်မြင်ယောင်သတိရလာကြသည်။ ဣသရေလတို့၏ ရှင်ဘုရင်ကို ဖျက်ဆီးနိုင်ရန် အပြစ်ကင်း ဗက်လင်မြို့၏ သားတော်ကို ကွက်မျက်ခဲ့သည့် ဟေရုတ်၊ သူတို့ ဝိညာဉ်အပေါ် နှစ်ခြင်းဆရာယောဟန်၏ အသွေးများစွန်းထားသည့် ဟေရုတ်နောက်လိုက်များ၊ စိတ်အစွမ်းသတ္တိအားနည်းသော ပိလတ်မင်း၊ လှောင်ပြောင်သော စစ်သားများ၊ ယဇ်ပုရောဟိတ်များ၊ အုပ်ချုပ်သူများ၊ "သူ့အသွေးသည် ငါတို့အပေါ်၊ ငါတို့သားသမီးများအပေါ် ကျရောက်ပါစေ"ဟု ရူးသွပ်စွာ အော်ဟစ်ခဲ့သော လူအုပ်ကြီး၊ အားလုံးတို့သည် သူတို့၏ ကြီးလေးသောအပြစ်များကို မျက်မြင်၊ မြင်တွေ့ရကြသည်။ ဘုရားသခင်၏ မျက်နှာတော်မှ ထွက်လာသော ဘုန်းရောင်ခြည်တော်သည် နေထက်ထွန်း**

**တောက်ဖြာထွက်လျက်ရှိရာ ထိုသူအပေါင်းတို့၏ ပုန်းကွယ်နိုင်ရန် ကြိုးစာမှုသည် အချီးအနှီးအသက်သက် ဖြစ်ရသည်။ ကယ်တင်ခံရသူ လူအပေါင်းကမူ မိမိတို့သရဖူများကို ကယ်တင်ရှင်၏ ခြေတော်ရင်း၌ ချထားလျက် "ကျွန်ုပ်အစား သူအသက်ပေးခဲ့ပြီ"ဟု ကြွေးကြော်ကြသည်။"**

ကယ်တင်ခံရသည့် လူအုပ်ကြီးထဲတွင် ခရစ်တော်၏ တပည့်တော်များလည်း ရှိနေကြပါသည်။ သူရဲကောင်း ရှင်ပေါလု၊ ဇောသန်သော ရှင်ပေတရု၊ မေတ္တာရှင် ရှင်ယောဟန်နှင့် သူတို့၏ ညီအစ်ကိုများ၊ ခရစ်တော်အတွက် အသက်စွန့်ခဲ့သူများရှိနေကြသည်။ **တံတိုင်းတော် အပြင်ဘက်တွင်မူ သန့်ရှင်းသူများကို နှိပ်စက်ညှင်းဆဲသူများ၊ ထောင်ချသူများ၊ သတ်ဖြတ်သူ စက်ဆုပ်ရွံရှာဖွယ်လူများ ရှိနေကြသည်။ ထိုအထဲတွင် ရက်စက်ခြင်းအပေါင်း၏ သရဖူသားရဲ နေရိုးဘုရင်သည် တစ်ချိန်က စာတန်ကဲ့သို့ကြည့်၍ နှစ်သက်ခဲ့သည့် သူသတ်ဖြတ်ညှင်းဆဲ၍ မချိတင်ကဲဝေဒနာခံစားနေရသူများ၏ ယခု ဝမ်းမြောက်ပျော်ရွှင်မှုကို မြင်နေရသည်**။ သူမသားအပေါ် နတ်ဆိုးကဲ့သို့သော အကျင့်စရိုက်များစွဲကပ်နေခြင်း၊ သူမပြခဲ့သည့် ပုံပမာ၊ လွှမ်းမိုးမှုများကြောင့် သူ့သားတည်ဆောက်ထားသည့် အလိုဆန္ဒများ၊ တပ်မက်မှုများ ရာဇဝတ်မှုအဖြစ် အသီးသီးလာကာ လောကကြီးကို သိမ့်သိမ့်တုန်သွားစေကြောင်း မြင်နိုင်ရန် သူ့မိခင်သည်လည်း ထိုအုပ်စုထဲတွင် စိုက်သည့်အတိုင်း ရိတ်သိမ်းရန် ပါနေ၏။

**ထိုအုပ်စုထဲတွင် ခရစ်တော်၏ ကိုယ်စားလှယ်များအဖြစ် မိမိကိုမိမိ ကြေငြာခဲ့သည့်တိုင် ဘုရားသခင့်လူများကို ညှင်းပန်းနှိပ်စက်၊ ထောင်ချကာ သူတို့အသိဉာဏ်ကို ကန့်သတ်ထိန်းချုပ်ထားသည့် ဘရင်ဂျီများ၊ ရာထူးကြီး ဘုန်းတော်ကြီးများလည်း ပါရှိနေကြသည်။ အမြင့်ဆုံးသောဘုရား၏ ပညတ်တော်ကို ပြောင်းလဲပစ်ကာ ဘုရားအထက်၌ မိမိကိုမိမိ ချီးမြှောက်ခဲ့ကြသော ပုပ်ရဟန်း**

**မင်းများကိုလည်း တွေ့ရသည်။** ထိုအယောင်ဆောင် ဘုန်းတော် ကြီးများသည် ခွင့်လွှတ်ခံရရန် ဘုရားသခင်ထံ အကြောင်းပြချက်ပေးကြ၏။ သို့သော်လည်း အလုံးစုံသိသော ဉာဏ်တော်နှင့် ပြည့်စုံသော ဘုရားသည် သူ့ပညတ်တော်ကို ချစ်မြတ်နိုးသူဖြစ်သောကြောင့် အပြစ်သားများကို ချွင်းချက်မရှိ သုတ်သင်မည် ဖြစ်ကြောင်း သိသောအခါ အချိန်နှောင်းသွားလေပြီ။ သူ့လူများ ခံစားရသော ဒုက္ခဝေဒနာများကို ဘုရားသခင် ဂရုစိုက်ကြောင်း ယခုသူတို့နာလည်းသွားကြလေပြီ။ "ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" (မဿဲ ၂၅း ၄၀) ဟူသော နှုတ်တော်ထွက်စကား၏ ဖိအားကို သူတို့စတင်ခံစားရလေ၏။

**ယခုချိန်တွင် လူအားလုံးသည် အပြစ်အခကား မွန်မြတ်သော လွတ်လပ်မှု၊ ထာဝရအသက်မဟုတ်ဘဲ အပြစ်ကျေးကျွန်ဖြစ်ခြင်း၊ ပျက်စီးခြင်း၊ သေဆုံးဖြင့် ဇာတ်သိမ်းကြောင်း မျက်မြင်သက်သေသိရကြ၏။ ဆိုးသွမ်းသူများသည် သူတို့၏ ပုန်ကန်သောအသက်တာကြောင့် ပေးဆပ်ရမည့်အရာကို မြင်တွေ့ရကြ၏။ သူတို့ကို ပေးခဲ့စဉ်က အထင်သေးဂရုမထားခဲ့ကြသည့် ထာဝရဘုန်းတော်သည် ယခုတွင်မူ အလွန်နှစ်လိုဖွယ်တောင့်တဖွယ်ကောင်းသော အရာဖြစ်လာသည်။ "ဒါတွေအားလုံး ငါရရှိပိုင်ဆိုင်နိုင်ခဲ့တာပဲ၊ ဒါပေမယ့် ဒီအရာတွေကို ငါ့နဲ့အဝေးမှာ ပစ်ထားခဲ့မိတယ်" ဟု ပျောက်ဆုံးဝိညာဉ်များ ငိုကြွေးနေကြသည်။ "တယ်...၊ ဆန်းကျယ်တဲ့ အမြင်မှားမှုတွေပါလား။ ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဂုဏ်ပြုခြင်းတွေကို စိတ်ဆင်းရဲခြင်း၊ အရှက်တကွဲ အကျိုးနည်းခြင်း၊ ပျက်စီးခြင်းအတွက် ငါလဲလှယ်ခဲ့မိလေခြင်း"ဟု ငိုကြွေးကြသည်။** ကောင်းကင်၏ တရားစီရင်ချက်သည် တရားမျှတကြောင်း အားလုံး လက်ခံသွားကြ၏။ မိမိတို့အသက်ကိုတိုင်တည်၍ "ဤလူ (ယေရှု)သည် ငါတို့အပေါ် မအုပ်စိုးရ"ဟု သူတို့ကြွေးကြော်ခဲ့ကြသည်မဟုတ်လော။ (GC 668. 3)

သူတို့ခံစားရသော ဝေဒနာသည် ခမည်းတော်၏ မျက်နှာတော်ကို လွှဲထားလျက် ကားတိုင်တော်ကို ထင်ရှားစေခြင်းကြောင့်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်အချိန် ကမ္ဘာပေါ်၌ ကားတိုင်တော်ကို ထင်ရှားစေခဲ့သကဲ့သို့ နှစ်ပေါင်းတစ်ထောင်စိုးစံခြင်း ပြီးဆုံးသွားသောအခါတွင်လည်း ဝေနေယျသတ္တဝါအပေါင်းရှေ့၌ တစ်ဖန်ပြန်လည် ထင်ရှားစေမည်ဖြစ်သည်။ တစ်ဖန် ခမည်းတော်သည် မျက်နှာတော်ကို လွှဲလိုက်သည့်အခါ ပထမအကြိမ် ကားတိုင်တော်ကြောင့် ခရစ်တော်ရင်ဆိုင်ခံစားခဲ့ရသည့် အတွေ့ကြုံကို ဆိုးသွမ်းသူများ ကြုံတွေ့ခံစားရမည်ဖြစ်သည်။ ခရစ်တော်၏ စိတ်ဝိညာဉ်ကို ကြေမွစေခဲ့သော ပရိဒေဝမီးတောက်သည် ဆိုးသွမ်းသူများကို လောင်ကျွမ်းလျက် ဝါးမြိုသွားလိမ့်မည်။ ကျမ်းစာ၌ တွေ့ရသည်အတိုင်း

> "သေခြင်းကြိုးတို့သည် ငါ့ကိုဝိုင်းမိ၍၊ ဖျက်ဆီးတတ်သော ရေစီးခြင်းကြောင့် ငါကြောက်လန့်ရ၏။ မရဏာနိုင်ငံ၏ ကြိုးတို့သည် ဝိုင်း၍၊ သေမင်း၏ကျော့ကွင်းသည် ငါ့ကိုကျော့မိလျက်ရှိ၏။ ထိုသို့ငါသည် ဆင်းရဲငြိုငြင်သောအခါ ထာဝရဘုရားကိုခေါ်၍ ငါ၏ဘုရားသခင်ကို အော်ဟစ်လေ၏။ ခေါ်သောအသံကို ဗိမာန်တော်ထဲမှာ ကြားတော်မူ၍ အော်ဟစ်သောအသံသည် နားတော်ထဲသို့ ဝင်လေ၏။ ထိုအခါ၊ အမျက်တော်ထွက်သောအားဖြင့် မြေကြီးတုန်လှုပ်၍၊ တောင်အမြစ်တို့သည် တရွေ့ရွေ့လှုပ်ရှားကြ၏။ နှာခေါင်းတော်ထဲက မီးခိုးထွက်၍၊ နှုတ်တော်ထဲက မီးလောင်သောအားဖြင့် မီးခဲတောက်လေ၏။ မိုးကောင်းကင်ကို ညွတ်သဖြင့် ဆင်းသက်တော်မူ၍ ခြေဖဝါးတော်အောက်၌ မှောင်မိုက်ဖြစ်လေ၏။" ဆာလံ ၁၈း ၄-၉

ကျမ်းပယ် Esdrasဒုတိယစာတွင် ကောင်းကင်မှကျလာသောမီးသည် ဆိုးသွမ်းသူများကို လောက်ကျွမ်းကြောင်းရေးသားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

“ငါသားသည်၊ တိုင်းနိုင်ငံများ၏ ဆိုးသောတီထွင်ချက်များကို အပြစ်တင်လိမ့်မည်။ အကြောင်းမှာ သူတို့၏ ဆိုးသောအသက်တာသည် မိုးသက်မုန်တိုင်းထဲသို့ ကျလေပြီ။ သူတို့၏ ဆိုးညစ်သော အတွေးတို့ကို သူတို့ရှေ့တွင် ငါချထားမည်။ သူတို့ပြုသော မီးတောက် ညှင်းဆဲခြင်းအားဖြင့် သူတို့ညှင်းဆဲခံရလိမ့်မည်။ ငါ့အပေါ် ပညတ်တရားမဲ့ပြုခဲ့သကဲ့သို့ သူတို့ကို ငါဖျက်ဆီးမည်။ 2Esdras 13; 37-38

ဗျာဒိတ်ကျမ်းတွင်လည်း ထိုကဲ့သို့သော အဖြစ်ပျက်မျိုးတွေ့ရသည်။

“ထိုသူများတို့သည် မြေကြီးမျက်နှာအပေါ်သို့ တက်၍၊ သန့်ရှင်းသူတို့၏ တပ်ကိုလည်းကောင်း၊ ချစ်ဖွယ်သော မြို့တော်ကိုလည်းကောင်း ဝိုင်းကြ၏။ ထိုအခါ ဘုရားသခင့်အထံတော်၊ ကောင်းကင်မှ မီးကျ၍ သူတို့ကိုမျိုလေ၏။” ဗျာဒိတ် ၂၀: ၉

စာတန်အကြောင်း ပရောဖက်ပြုချက်ထဲတွင် နှလုံးမှ လောင်သောမီးအကြောင်း အခြားသက်သေတစ်ခုရှိပါသေးသည်။

“သင့်အပြစ်သည် များပြား၍ ကုန်သွယ်ခြင်း အဓမ္မအားဖြင့်၊ သန့်ရှင်းရာဌာနတို့ကို ညစ်ညူးစေသောကြောင့်၊ သင့်ကိုမီးရှို့ဖို့ရာ သင့်အလယ်၌ မီးကိုငါညှိမည်။ သင့်ကိုမြင်သောသူအပေါင်းတို့ရှေ့မှာ၊ သင်၏ပြာကို မြေပေါ်သို့ငါချထားမည်။ ယေဇကျေလ ၂၈း ၁၈

ဤအဖြစ်မျိုးသည် ခရစ်တော်၌ဖြစ်ခဲ့သောအဖြစ်မျိုးဖြစ်သည်။ မီးတော်သည် သူ့အလယ်(နှလုံးသား) မှ လောင်၍ နှလုံးသားကို ကြေမွစေကာ၊ အသက်တော်ချုပ်သွားစေခဲ့သည်။ ခရစ်တော်အပေါ် တရားစီရင်သူအပေါင်းတို့သည် သူတို့စီရင်သည့်အ

တိုင်း ပြန်ခံကြရလိမ့်မည်။ သူတို့နှလုံးမှ မီးတောက်လောက်၍ သူတို့စိတ်ကို ညှင်းဆဲကာ သူတို့ကို ဖျက်ဆီးသွားလိမ့်မည်။

ကားတိုင်ပေါ်တွင် ခရစ်တော် အသက်ချုပ်ပုံမှာ နောက်ဆုံးသောနေ့ရက်တွင် ဆိုးသွမ်းသူများ ဖျက်ဆီးခံရမည့် ပုံစံဖြစ်သည်။ ကားတိုင်တော်အလင်း၌ ဘုရားသခင်၏ တရားစီရင်ပုံအမှန်ကို ကျွန်တော်တို့ တွေ့ရသည်။

> "ကားတိုင်တော်၏နက်နဲခြင်းသည် အခြားဘုရားသခင်၏နက်နဲရာတို့ကို ရှင်းပြဖော်ထုတ်၏။ ကရာနီထက်မှစီးလာသော ကျွန်ုပ်တို့ကို အံ့သြတုန်လှုပ်ခြင်းဖြင့်ပြည့်စေသည့် ဘုရားသခင့်ဂုဏ်တော်အကြောင်း အလင်းတော်သည် လှပထည်ဝါ၍ ဆွဲဆောင်မှုရှိလှ၏။ ကရုဏာတော်၊ နူးညံ့သိမ့်မွေ့ခြင်းနှင့် မိဘမေတ္တာတို့သည် သန့်ရှင်းခြင်း၊ တရားမျှတခြင်း၊ သြဇာအာဏာဖြင့် ရောနှောလျက်ရှိရမည်။ အထက်၌ ချီးမြှောက်ခြင်းခံရသော ဘုရားသခင်၏ ပလ္လင်တော်ကို ကျွန်ုပ်တို့ကြည့်ရှုစဉ် ဘုရားသခင်၏ ဂုဏ်တော်ကို အခန့်ညားဆုံးမြင်တွေ့ရပါသည်။ "ကျွ နုပ်တို့ အဖ"ဟူသော နှစ်လိုဖွယ် နာမတော်၏ ကြီးမြတ်ခမ်းနားမှုကို အရင်ကနားလည်ဖူးခြင်းမရှိသည့် နားလည်မှုမျိုးဖြင့် သဘောပေါက်လာသည်။" (GC 652, 1)

ရွေးနုတ်ခံရသူများအဖို့ ကားတိုင်တော်သည် ထာဝရဝမ်းမြောက်ခြင်းကို ယူဆောင်ပေးသော်လည်း ဆိုးသွမ်းသူများဖို့မူ ရှက်ကြောက်၊ ပျက်စီးခြင်းကို ဆောင်ယူလာလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ရန်သူမဟုတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်၊ ကွယ်ကာရှင်ဖြစ်ပါသည်။ ကောင်းသော ဆုကျေးဇူးရှိသမျှ၊ ကောင်းသောအရာရှိသမျှတို့သည် အလင်းရှင်၊ ဘုရားသခင်ထံမှ လာကြ၏။ သူ၏ ဂရုတစိုက်ကွယ်ကာပေးမှုကြောင့် ကျွန်ုပ်တို့အလွန်ဝမ်းမြောက်သင့်ပါသည်။

အောက်ပါကိုးကားချက်ဖြင့် နိဂုံးချုပ်ချင်ပါသည်။

"ကြောက်စရာအကောင်းဆုံးအရာမှာ ဘုရားသခင်၏ သွန်သင်ချက်များကို ငြင်းပယ်လျက် စာတန်၏သွေးဆောင်မှုများနောက်သို့လိုက်ကာ၊ နတ်ဆိုးများလက်သို့ လုံးဝထိန်းချုပ်ခွင့်ပေးလိုက်သည်အထိ ဘုရားသခင် စွန့်ထားခြင်းခံရသူများ၏ အသက်တာဖြစ်သည်။ သို့သော်လည်း ခရစ်တော်၏ နောက်တော်သို့လိုက်လျောက်သူများသည် သူ၏ကြည့်ရှုစောင့်ရှောက်မှုအောက်တွင် အစဉ်လုံခြုံစွာနေရလိမ့်မည်။ သူတို့ကို ကာကွယ်ရန် ကောင်းကင်မှ အားကြီးသောကောင်းကင်တမန်တို့ကို စေခိုင်းချထား၏။ သူ့လူများအတွက် ဘုရားသခင်ခန့်ထားသော အကာအကွယ်စစ်တပ်ကြီးကို အဘယ်သူမျှ မထိုးဖောက်နိုင်ပေ။ (GC 517. 2)

# ဘုရားသခင့် တရားစီရင်ခြင်း

ခရစ်ယာန်အများစု၌ ဘုရားသခင်၏ တရားစီရင်ခြင်း၊ အမျက်ဒေါသ၊ အပြစ်ပေးခြင်း၊ ကလဲ့စားချေ ခြင်းတို့အပေါ် ခိုင်မာသော ယုံကြည်ယူဆချက်များ ရှိကြသည်။ သူတို့အမြင်တွင် ဘုရားသခင်သည် အတိုင်းတာတစ်ခုကျော်လွန်လာပါက စိတ်ရှည် သည်းခံမနေတော့ဘဲ အပြစ်ပေးသူ၊ ပညတ်ချက် လွန်ကျူးသူများကို ကောင်းကင်တမန်များစေလွှတ်၍ ဖျက်ဆီးစေသူ၊ သူကို မယုံကြည်သူများအပေါ် ဖျက်ဆီးလိုသည့် ရည်ရွယ်ချက် ပြည့်ဝနိုင်ရန် သဘာဝဘေးအန္တရာယ်များကို အသုံးပြုကာ လူသားများ ကို နှိပ်စက်သတ်ဖြတ်သူအဖြစ် ယုံကြည်ကြသည်။ ဘာကြောင့်လူတွေဒီလို ယုံကြည်ကြတာလဲ?

ကားတိုင်ထက်က ခရစ်တော်၏ ပုံပြင်နှင့် ယေရုရှလင်မြို့ပျက်စီးခြင်း ပုံပြင်အားဖြင့် ဘုရားသခင်၏ တရားစီရင်နည်း၊ နောက်ဆုံးသောနေ့ရက်တွင် ဆိုးသွမ်းသူများအပေါ် ဘုရားသခင် အသုံးပြုမည့် တရားစီရင်နည်းကို ရှာဖွေတွေ့ရှိနိုင်ပါသည်။

၁။ သတိပေးသည်။ အမှန်ပြင်ပေးသည်။ ဆုံးမသွန်သင်သည်။ လုံခြုံသောလမ်းကို ညွှန်ပြသည်။

၂။ လူတို့သည် ဝိညာဉ်တော်ကို စွန့်ကာ၊ မိမိတို့ကိုယ်ပိုင်လမ်းစဉ်ကို လိုက်လျှောက်ကြသည်။

၃။ အထပ်ထပ်အခါခါ သတိပေးသော်လည်း မိမိတို့လမ်းကိုသာ ရွေးချယ်သည်။

၄။ မိမိကိုမိမိ ဘုရားသခင့်ကွယ်ကာရာ အပြင်ဘက်သို့ ထားကြသည်။

၅။ ဘုရားသခင်က သူ့ကောင်းချီးမင်္ဂလာများကို ရုတ်သိမ်းလျက်၊ သူ့အကာကွယ်တော်ကို ဖယ်ရှားလိုက်သည်။

၆။ ဘုရားသခင်၏ ဝိညာဉ်တော် ရုတ်သိမ်းခံကြရသည်။

၇။ စာတန်၏ တိုက်ခိုက်မှုများမှ ကာကွယ်ပေးမည့် ကောင်းကင်တမန်များကို ကာကွယ်ရန် တာဝန်ချပေးထားခြင်းမရှိတော့။

၈။ စာတန်သည် ပင်လယ်၊ မြေပြင်၊ အရပ်ရပ်တွင် ကပ်ဘေးဒုက္ခများ ကျရောက်စေလျှက် လူအ ပေါင်းတို့ကို သူ့သားကောင်များ ဖြစ်လာစေသည်။